တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က

'ကျွန်ုပ်၏စိတ်ထဲတွင် အသင်တို့အပေါ် စွပ်စွဲလို (သံသယရှိနေ )သောကြောင့် ကျိန်ဆိုစေခြင်းမဟုတ်ပါ။သို့သော် ဂျီဗ်ရီလ် (အလိုင်ဟိစ်စလာမ်) သည်

ကျွန်ုပ်ထံသို့ ရောက်ရှိလာပြီး အလ္လာဟ်အရှင်မြတ်သည်မလာအိကဟ်ကောင်းကင်တမန်များရှေ့တွင် အသင်တို့အပေါ်၌ဂုဏ်ယူတော်မူကြောင်း ကျွန်ုပ်အားသတင်းပေးခဲ့ခြင်းကြောင့်(

ကျိန်ဆိုခိုင်းရခြင်းဖြစ်သည် ) ဟု

မိန့်ကြားတော်မူခဲ့သည်။

အဘူစအီဒ် ခုဒ်ရီ (ရဿွိယလ္လာဟု အန်ဟု ) ကဆင့်ပြန်ပြောပြခဲ့သည်မှာ - "မုအာဝိယာ
(ရဿွိယလ္လာဟု အန်ဟု) သည် ဗလီထဲရှိ ထိုင်ဝိုင်းတစ်ခုထံသို့ ရောက်လာပြီးမေးမြန်းခဲ့သည်မှာ- ''သင်တို့ကို ဘယ်အရာက (ဤနေရာ၌) ထိုင်စေခဲ့သနည်း။' သူတို့က
'ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်း (ဇိက်ရ်) ပြုလုပ်ရန်ထိုင်ခဲ့ကြသည်' ဟု ဖြေကြားခဲ့ကြသည်။ မုအာဝိယာ (ရဿွိယလ္လာဟု အန်ဟု)က 'အသင်တို့သည်ထိုအတွက်သာ ထိုင်နေကြခြင်းဖြစ်ကြောင်း ကျိန်ဆိုပြောပြကြလော့' ဟု ပြောဆိုခဲ့သည်။၎င်းတို့က 'အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ ကျွန်ုပ်တို့သည် ထိုအတွက်သာထိုင်ခဲ့ကြခြင်းဖြစ်ပါသည်' ဟု ပြောဆိုခဲ့ကြသည်။ ထိုအခါ မုအာဝိယာ (ရဿွိယလ္လာဟုအန်ဟု) က 'ကျွန်ုပ်၏စိတ်ထဲတွင် အသင်တို့အပေါ် စွပ်စွဲလို (သံသယရှိနေ )သောကြောင့်ကျိန်ဆိုစေခြင်းမဟုတ်ပါ။ ထို့ပြင် တမန်တော်မြတ်ထံ၌
ကျွန်ုပ်နှင့်အဆင့်တန်းတူသူများအနက် ကျွန်ုပ်ထက်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံမှ ဟဒီးဆ်တော်များ ပိုမိုနည်းပါးစွာဆင့်ပြန်ခဲ့သူ တစ်ဦးမျှမရှိခဲ့ပါ။ ဧကန်စင်စစ် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏စွဟာဗဟ်များ၏ ထိုင်ဝိုင်းတစ်ခုဆီသို့
ရောက်ရှိလာပြီး မေးမြန်းတော်မူခဲ့သည်မှာ-'သင်တို့ကို ဘယ်အရာက (ဤနေရာ၌) ထိုင်စေခဲ့သနည်း။' စွဟာဗဟ်တို့က 'ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား
သတိရတသခြင်း (ဇိက်ရ်) ပြုလုပ်ရန်နှင့် ကျွန်ုပ်တို့အား အစ္စလာမ့်တရားတော်ကို
ညွှန်ပြတော်မူပြီး ထိုအစ္စလာမ့်တရားတော်ဖြင့် ကျွန်ုပ်တို့အပေါ်
ကျေးဇူးပြုတော်မူခဲ့သောကြောင့် အရှင်မြတ်အား ချီးမွမ်းထောပနာခြင်း ပြုလုပ်ရန်ထိုင်ခဲ့ကြပါသည်'' ဟု ဖြေကြားခဲ့ကြသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) က 'အသင်တို့သည် ထို (ဇိကိရ်ပြုရန်နှင့်ချီးမွမ်း‌ထောပနာပြုရန် )အတွက်သာထိုင်ခဲ့ကြခြင်းဖြစ်ကြောင်း ကျိန်ဆိုပြောပြကြလော့' ဟု မိန့်ကြားတော်မူခဲ့သည်။၎င်းတို့က 'အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ ကျွန်ုပ်တို့သည် ထိုအတွက်သာ

[صحيح] [رواه مسلم]


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee